
www.dhammadownload.com




# သိကြားမင်းသောတာပန်တည်သော
# တရားတော်

## ကာယမိမံတရားထိုင်နည်း

(၃၅)

ဟောကြားသည့်နေ့
၁၃ - ၁၁ - ၆၀

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၅) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# သိကြားမင်းသောတာပန်တည်သော

# တရားတော်

(ကာယမိမံ့တရားထိုင်နည်း)

ဟောကြားသည့်နေ့

(၁၃-၁၁-၆၀)

www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၅၉၃/၉၉ (၁၀)

ထုတ်ဝေသူ ဦးအောင်ချို၊ (မြဲ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြဲ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# သိကြားမင်းသောတာပန်တည်သောတရားတော်

## (ကာယမိမံတရားထိုင်နည်း)

ဟောကြားသည့်နေ့ (၁၃-၁၁-၆၀)

ဒကာ ဒကာမတွေ သိကြားမင်းအကြောင်း မဟောခင် ဝိပဿနာရှုနည်းကို ရှေးဦးစွာ ပြောမယ် -- (မှန်လှပါဘုရား) ဝိပဿနာရှုနည်းက ရှင်သာရိပုတ္တရာက ဟောထားတယ်။

ကာယမိမံ သမ္မသထ၊ ပရိဇာနာထ၊ ပုနပ္ပုနံ၊

ကာယေသဘာဝံ၊ ဝိဒိတွာန၊ ဒုက္ခဿအန္တံ ကရိဿတိ။

ဤကဲ့သို့ ဟောထားတော့ ဒကာ၊ ဒကာမတွေသည် ဘုရားရှေ့မှာဖြစ်စေ၊ ကိုယ်အိပ်ရာထဲမှာဖြစ်စေ ထိုင်ပြီးသကာလ မိန်းမဖြင့် ဒူးတုပ်၊ ယောကျ်ားဖြင့် တင်ပျဉ်ခွေပြီးသကာလ ထိုင်ချင်သလိုထိုင်၊ အိပ်ချင်သလိုအိပ် ကိစ္စမရှိပါဘူးတဲ့။ သို့သော် အသက်မှန်မှန်ရှူပြီးသကာလ လေလေးထွက်တာလဲသိလို့ လေလေးဝင်တာလဲ သိလို့ ဒီလိုချည်းသိပြီးသကာလ နေရာမှ ပထမဦးစွာတော့ဖြင့် ထွက်တာသိ ဝင်တာသိပဲ လုပ်နေပါ။ ဒီထဲက ဟိုနေရာက အောင့်သလို လာလို့ရှိရင် ထွက်တာသိ ဝင်တာသိ ဖြုတ်လိုက်ပါ။

ထွက်တာသိ ဝင်တာသိ ဖြုတ်ပစ်လိုက်ပါတော့လို့ သတိပေးလိုက်တယ် . . . (မှန်လှပါဘုရား) ထွက်တာသိ ဝင်တာသိဖြုတ်ပြီး အောင့်တဲ့ နေရာကလေးကို ဉာဏ်က သှည့်လိုက်၊ ဪ -- ဒါ

www.dhammadownload.com



ဖောက်ပြန်တာပါလား၊ အင်း -- ဖောက်ပြန်လာတာ နဂိုက မအောင့်ဘူး၊ ခုမှ ဒီနေရာလေးက အောင့်လာတယ်၊ အဲဒီ ဖောက်ပြန်တဲ့နေရာကလေး ကြည့်လိုက်ပြီဆိုမှဖြင့် ဖောက်ပြန်တာ ကလေးက ပျက်စီးသွားတယ်။

ထွက်တာသိ ဝင်တာသိ လုပ်နေတုန်း တစ်နေရာက ဘာဖြစ် လာသတုံး . . . (အောင့်လာပါတယ်ဘုရား) အောင့်တဲ့အခါ ကျတော့ ထွက်တာသိ ဝင်တာသိ ဖြုတ်လိုက်ပါ. . . (မှန်လှပါ ဘုရား) အောင့်တဲ့နေရာကလေး ဉာဏ်လှည့်လိုက်ပါ၊ ခြေသလုံးက အောင့်ရင် ခြေသလုံး၊ ပေါင်အောင့်ရင် ပေါင်၊ ခါးကအောင့်ရင် ခါး၊ နောက်ကျောက အောင့်လို့ရှိရင်လဲ အောင့်တဲ့နေရာကလေး ဉာဏ်လှည့်လိုက်ပါ။

အဲဒါကလေးက ဘာပါလိမ့်မလဲဆိုတာ ပင်ကိုသဘောမှ ဖောက်ပြန်လာတာ၊ အဲဒီဖောက်ပြန်တဲ့ နေရာကလေးကို ဒကာသစ်၊ ဒကာကြွယ် ဦးလှဘူးတို့က ဉာဏ်လှည့်လိုက်ပြီဆိုမှဖြင့် ဉာဏ်ပေါ် နေတဲ့အတွက် သတ္တဝါသန္တာန်မှာ အောင့်တဲ့စိတ်ကလေးက ချုပ်သွားပြီး ဉာဏ်စိတ်ကလေးက ပေါ်နေတယ်။ ဉာဏ်စိတ်ကလေး ပေါ်နေတော့ အောင့်တာကလေးက ဖောက်ပြန်ပြီးသကာလ ပျက်စီး သွားတာ တွေ့ပါလိမ့်မယ်၊ ဖောက်ပြန်ပြီး ပျက်စီးသွားတာ တွေ့ပါ လိမ့်မယ်။

ဤကဲ့သို့ ဖောက်ပြန်ပျက်စီးသွားတာတွေ တွေ့တဲ့အခါ

www.dhammadownload.com



ကျတော့ ဒီခန္ဓာကိုယ်ကြီး စိုက်ကြည့်နေလို့ ဖောက်ပြန်ပျက်စီးတာတွေ့တာလို့ မှတ်လိုက်ပါနော် . . . (မှန်လှပါဘုရား)။

အဲဒီတော့ ဖောက်ပြန်ပျက်စီးတာက အနိစ္စ ဒုက္ခသစ္စာ၊ အနိစ္စဆိုလဲ မှတ်တာပဲ၊ ဒုက္ခသစ္စာဆိုလဲ ဟုတ်တာပဲ၊ ဩော် . . . ဒါက ဒုက္ခသစ္စာ ဖောက်ပြန်ပျက်စီးပြီလို့ သိနေတာကလေးက လောကီမဂ္ဂသစ္စာ၊ ဒါ ဒီနေရာကလေးက အောင့်တာကလေးက ပျောက်သွားလို့ ဟိုနေရာက အောင့်တာပေါ်လာတယ်၊ ဟိုစိတ်ကလေး စားချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ အဲဒါကိုလဲ စားချင်တဲ့စိတ်ကလေးကိုလဲ ရှိ-မရှိ ကြည့်ပေးပါ။ ကြည့်လိုက်တဲ့အခါကျလို့ ရှိရင်ဖြင့် ကြည့်တဲ့ဉာဏ်ပေါ်လာလို့ရှိရင်ဖြင့် သတ္တဝါသန္တာန်နှစ်စိတ်မပေါ်ကောင်းတဲ့အတွက် စားချင်တဲ့စိတ်ကလေးက ဒကာကြွယ် ဒကာသစ်တို့ ဖြစ်ပြီးပျက်သွားတယ် . . . (မှန်လှပါဘုရား) သူလဲခုမှ ဖောက်ပြန်ပြီးလာတာ အခုပဲ ပျက်စီးသွားတယ်၊ အဲဒီတော့ ဖောက်ပြန် ပျက်စီးသွားတာဘာသစ္စာ ခေါ်ကြမလဲ . . . (ဒုက္ခသစ္စာပါဘုရား)။

အင်း . . . ဒုက္ခသစ္စာကိုဘုန်းကြီးတို့ဒကာ၊ ဒကာမတွေက သိလိုက်တော့ အသိခံရတာက ဒုက္ခသစ္စာ၊ အသိဉာဏ်က မဂ္ဂသစ္စာလို့ အောက်မေ့ကြပါ (မှန်လှပါဘုရား) ဒီလိုချည်းပဲ ခန္ဓာကိုယ်ထဲလှည့်လိုက်ပြီးသကာလ နေတော့ အသိခံတာက ဒုက္ခသစ္စာ၊ အသိဉာဏ်က မဂ္ဂသစ္စာဆိုတော့ ဩော် . . . ခန္ဓာကိုယ်ထဲမှာ

www.dhammadownload.com



ဒုက္ခသစ္စာရယ် . . . သိနေတဲ့ မဂ္ဂသစ္စာရယ် . . . ။

ဤသစ္စာနှစ်ခုသာ ရှိပြီးသကာလနေတော့ သမုဒယသစ္စာဆိုတဲ့ လောဘက ချုပ်ငြိမ်းရုပ်သိမ်းပြီး သကာလနေတော့တယ်။ ဒီလောဘချုပ်ငြိမ်းနေတော့ လောဘတဏှာချုပ်တော့ တဏှာချုပ်တော့ ဥပါဒါန် မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)။

ဥပါဒါန်ချုပ်တော့ ကံချုပ်တယ်၊ ကံချုပ်တော့ အနာဂတ်ဘဝလာလတ္တံ့ဖြစ်တဲ့ ပဋိသန္ဓေနေမှု အိုမှုသေမှုရော . . (ချုပ်ပါတယ်ဘုရား)။

ဩော် . . . ဒါဘယ့်နှယ်ကြောင့် ချုပ်ပါလိမ့်မလဲလို့ ဒကာကြွယ် ဒကာသစ်တို့ ဦးလှဘူးတို့က မေးလို့ရှိရင်ဖြင့် ဖောက်ပြန်ပျက်စီးတာ မြင်နေတဲ့မဂ်က ချုပ်စေတာဆိုတာ သေချာပြီလား . . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးကို ဝိပဿနာရှုဆိုတာ ခန္ဓာကိုယ်စောင့်ကြည့်တဲ့အလုပ်လို့ မှတ်လိုက်စမ်းပါ. . (မှန်လှပါဘုရား) ဝိပဿနာအလုပ်ဆိုတာ ဘာပါလိမ့် . . . (ခန္ဓာကိုယ်စောင့်ကြည့်တဲ့အလုပ်ပါဘုရား)။

ဒါကြောင့် "ကာယမိမံ သမ္မသထ" ဣမံ ကာယံ၊ ဤခန္ဓာကိုယ်ကြီးကို၊ သမ္မသထ၊ စောင့်ကြည့်ပြီး သုံးသပ်စမ်းပါကွာ၊ ရှင်သာရိပုတ္တရာက မှာရှာတယ်၊ ခန္ဓာကိုယ်ကြီး စောင့်ကြည့်ပြီး သုံးသပ်စမ်းပါ၊ ဆင်ခြင်စမ်းပါဆိုတော့ ဖြစ်ပျက်မဂ် မလာပေဘူးလား

www.dhammadownload.com


. . . (လာပါတယ်ဘုရား)။

ပျက်စီးသွားတာဖြစ်ပျက်၊ စောင့်ကြည့်တာ . . . (မင်ပါဘုရား) ဪ . . . မင်ဆိုတာက ဒကာဒကာမတို့ စောင့်ကြည့်မှ ရတယ်လို့ မှတ်စမ်းပါ . . . (မှန်လှပါဘုရား)။

စောင့်မကြည့်ရင် . . . (မရပါဘုရား) မရဘူး၊ ရှာရင်တော့ မရဘူး၊ စောင့်ကြည့်ရင်တော့ . . . (ရပါတယ်ဘုရား) တောထဲက ကျားတွေက အပြေးတော့မသန်ပါဘူးတဲ့၊ အဖမ်းတော့မြန်သလို မိလိန္ဒပဉ္ဟာက စောင့်ဖမ်းပါလို့လဲ သေသေချာချာဟောထားတယ် . . . (မှန်လှပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေက အိမ်ရောက်လို့ရှိရင် ဘုန်းကြီးပြောတဲ့အတိုင်းသာ လုပ်ကြစမ်းပါ။ ခန္ဓာကိုယ်စောင့်ကြည့်နေ၊ ဘာနဲ့စောင့်ရမလဲဆိုတော့ ရှူမှုလေး မှန်မှန်ရှူ ရှိုက်မှုလေး မှန်မှန်ရှိုက်၊ ရှိုက်ရာကမှ အထူးတရား လေးပေါ်လာလို့ရှိရင် ဪ . . . ဒါ ဝိပရိနာမလက္ခဏာ ဒုက္ခသစ္စာပါလားလို့ စောင့်ကြည့်လိုက် . . . (မှန်လှပါဘုရား)။

ဒါဖြင့် ဝိပရိနာမလက္ခဏာ ဒုက္ခသစ္စာက ဒုက္ခသစ္စာ၊ စောင့်ကြည့်တာက . . . (မဂ္ဂသစ္စာပါဘုရား) သေတာက သမုဒယသစ္စာ၊ နောက်ခန္ဓာမလာတာက နိရောဓသစ္စာ၊ နိရောဓဆိုတော့ ဪ . . . တို့ သစ္စာအလုပ် လုပ်နေပါကလားဆိုတာ ပေါ်မလာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

www.dhammadownload.com


ဩော် . . . ဒါဖြင့် ဝိပဿနာအလုပ်ဆိုတာ အားလုံးတရားနာတဲ့ ဒကာဒကာမတွေ စောင့်ကြည့်တဲ့အလုပ် . . . (မှန်လှပါဘုရား)။

ဝိပဿနာအလုပ်ဆိုတာ ဘာပါလိမ့် . . . (စောင့်ကြည့်တဲ့အလုပ်ပါဘုရား) စောင့်ကြည့်တဲ့အလုပ်ဆိုတော့ တပည့်တော်တို့ဖြင့် မလုပ်တတ်သေးပါဘူးဘုရားဆိုရင် စောင့်မကြည့်လို့သာ မှတ်ပေတော့ . . . (မှန်လှပါဘုရား)။

စောင့်ကြည့်တော့ ခန္ဓာကိုယ်ကြီးက ဟိုနေရာကပြ၊ ဒီနေရာကပြ၊ ဟိုနေရာကပြလိုက်၊ ဒီနေရာကပြလိုက်နဲ့ ပြတဲ့နေရာကိုပဲ စောင့်ကြည့်နေတဲ့အခါကျလို့ရှိရင် ပြတာကဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ သေတာက . . . (သမုဒယ သစ္စာပါဘုရား)။

နောင် ခန္ဓာမလာတာက . . . (နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာဆိုတာ ဩော် . . . ကို့တစ်တွေ သစ္စာလေးပါး အလုပ်လုပ်နေပါကလားဆိုတာ မပေါ်လာဘူးလား (ပေါ်ပါတယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒကာကြွယ်ရေ . . . ဒကာကြွယ်တို့ လုပ်တော့လဲ စောင့်ကြည့်ရတယ် မဟုတ်လား . . . (မှန်ပါ့ဘုရား) လိုက်ဖမ်းရင် မိပါ့မလား (မမိပါဘုရား)။

အေး . . . ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ စောင့်ကြည့်လို့ရှိရင် ခန္ဓာကိုယ်ကြီးက ပင်ကိုက အနာ ခန္ဓာကိုယ်ကြီး

www.dhammadownload.com


ကိုး . . . (မှန်လှပါဘုရား)။

အနာတွေပဲ မပြရပေဘူးလား . . . (ပြပါတယ်ဘုရား) အနာခန္ဓာကိုယ်ကြီးမို့ အနာခန္ဓာတွေပြတော့ ဒီအနာခန္ဓာတွေကလဲ ဖြစ်လိုက်, ပျက်လိုက်၊ ဖြစ် လိုက်, ပျက်လိုက်၊ ဖြစ်လိုက်, ပျက်လိုက်နဲ့ ပြနေတော့ ဪ . . . ဒီဥစ္စာ ဖြစ်ပျက်က ဒုက္ခသစ္စာ သိတာက မဂ္ဂသစ္စာပါလားဆိုတာ အခုအချိန်မှာ ဉာဏ်ထဲမှာ ပေါ်လာတယ် . . . (မှန်လှပါဘုရား)။

ထိုကဲ့သို့ ပေါ်လာတဲ့အခါကျလို့ရှိရင်ဖြင့် ကိလေသာကြားမညှပ်လို့ရှိရင် ဖြစ်ပျက်နဲ့မဂ်နဲ့ကြားထဲမှာ ကိလေသာကြား မခြားလို့ရှိရင် ခုနှစ်ရက်နဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပါတယ် . . . (မှန်လှပါဘုရား) ဖြစ်ပျက်နဲ့ မဂ်နဲ့ကြားထဲမှာကိလေသာ မခိုရင် . . . (ခုနှစ်ရက်နဲ့ ရနိုင်ပါတယ်ဘုရား) ဒကာကြွယ်မမြန်လား (မြန်ပါတယ်ဘုရား)။

ဘုန်းကြီးက ဟောပါတာလား၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတာလားလို့ဆိုတော့ သတိပဋ္ဌာန် ပါဠိတော်မှာ သေသေချာချာရှိလေသောကြောင့် ဒကာဒကာမတွေ စောင့်ကြည့်တဲ့ အလုပ် မလုပ်ခဲ့သောကြောင့် သံသရာရှည်ရပါတယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဪ . . . ဒါဖြင့် ဝိပဿနာဆိုတာ အားစိုက်ရှုရတာလား၊ ဒကာဒကာမတို့ စောင့်စားပြီးရှုရတာလား . . . (စောင့်စားပြီး

www.dhammadownload.com



ရှုရပါတယ်ဘုရား) သေသေချာချာပြောနေပါတယ် ဒကာဒကာမတို့ . . . (မှန်ပါ့ဘုရား)လေးလေးစားစားနဲ့ မှတ်စမ်းပါ (မှန်ပါ့ဘုရား)။

လေးလေးစားစားနဲ့ မှတ်လိုက်တဲ့အခါကျတော့ စောင့်ကြည့်တဲ့အလုပ်တွေက ခန္ဓာကိုယ်ထဲမှာ ဘာမှကြည့်စရာမရှိလို့ရှိရင်ဖြင့် ဩော် . . . လေကလေးထုတ်တဲ့ စိတ်ကလေးလဲ ထွက်ပြီးပျက်တာပဲ . . . (မှန်လှပါဘုရား)။

လေကလေးပြန်သွင်းတဲ့ စိတ်ရော . . . (သွင်းပြီး ပျက်ပါတယ်ဘုရား) အဲဒါကလေး ဘယ်ကမှမရှိတော့ဘူးဆိုရင် သူပြန်ထိုင်လိုက် . . . (မှန်လှပါဘုရား) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဟာ . . . သူ့ပြန်ရင်း မတွက်နဲ့ပဲ ဟိုနေရာကယားသလို ဒီနေရာက အောင့်သလို ဒီနေရာက ကောင်းသလိုလို လာပြန်လို့ရှိရင် သူ့ဖြုတ်ပစ်လိုက် . . . (မှန်လှပါဘုရား) ခုနင်က ယားတဲ့နေရာ ကောင်းတဲ့နေရာတွေ လှည့်လည်ပြီး ဩော် . . . ဒါတွေ ဒုက္ခသစ္စာပါလား၊ ဒါတွေဒုက္ခသစ္စာပါလားလို့ ရှုပါ . . . (မှန်လှပါဘုရား)။

ကောင်းတဲ့စိတ်ကလေးလဲ ဖြစ်ပြီးပျက်တော့ ဒုက္ခရောက်တာပဲ . . . (မှန်လှပါဘုရား) ဆိုးတဲ့စိတ်ကလေးလဲ ဖြစ်ပြီးပျက်တော့ . . . (ဒုက္ခရောက်ပါတယ် ဘုရား) အလယ်အလတ်စိတ်ကလေးလဲ ဖြစ်ပြီးပျက်တော့ . . . (ဒုက္ခရောက်တာ ပါပဲဘုရား)။

www.dhammadownload.com



အဲဒီ ဒုက္ခသစ္စာတွေချည်းပဲ ပိုင်ပိုင်နိုင်နိုင် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာလို့ ဒကာဒကာမတွေ ကြိုးစား နေကြမယ်ဆိုလို့ရှိရင် ကြာတော့ဒုက္ခသစ္စာတွေ့တာက ဘုရား က. . .

'သံ့ခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ' လို့ ဟောသောကြောင့် ခန္ဓာငါးပါးစလုံး ပြတဲ့ဥစ္စာတွေ အနိစ္စလဲမပြ၊ ဒုက္ခလဲမပြ၊ အနတ္တလဲမပြ၊ အသုဘလဲမပြဘဲနဲ့ ဒကာကြွယ် ဒကာသစ်တို့ ဒုက္ခသစ္စာပဲပြတယ် . . . (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ ပြလာပြီဆိုမှဖြင့် ဩော် --လူ့ဘဝရတာ ဒုက္ခသစ္စာရတာကိုးလို့ ပေါ်ပေါ်လွင်လွင်ကြီး သိမှလာပေဘူးလား . . . (သိလာပါတယ်ဘုရား) လူ့ဘဝရတာ ဘာရတာပါလိမ့် . . . (ဒုက္ခသစ္စာကြီးရတာပါဘုရား) ဒုက္ခသစ္စာကြီး ရတယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဒုက္ခသစ္စာကြီးရတာကို ပိုင်ပိုင်နိုင်နိုင်သိနေတော့ တစ်ကိုယ်လုံးမှာ ဟိုကယား၊ ဒီကနာ၊ ဒီကအောင့်၊ ဟိုကကိုက်၊ ဒီကခဲ ဟိုကတစ်မျိုးတစ်ဖုံပေါ်၊ ပေါ်လာတာဟူသရွေ့ ပျောက်တာပဲတွေ့ရ စောင့်ကြည့်တဲ့ပုဂ္ဂိုလ် မတွေ့ရဘူးလား . . . (တွေ့ရပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာအလုပ်ဆိုတာ ဘယ်လိုလုပ်ရမှာပါလိမ့် မလဲလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ . . . (စောင့်ကြည့်ရပါတယ် ဘုရား) စောင့်ကြည့်တာပဲတဲ့၊ အကြည့်ခံရတာက ဒုက္ခသစ္စာ၊

www.dhammadownload.com


ကြည့်ဉာဏ်က မဂ္ဂသစ္စာ၊ အကြည့်ခံရတာက. . . (ဒုက္ခသစ္စာပါဘုရား) ကြည့်ဉာဏ်က . . . (မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာဆိုတော့ သြော်. . . မဂ်ဟာ ဆုတောင်းအလုပ်လား၊ စောင့်ကြည့်တဲ့ဉာဏ်အလုပ်လား . . . (စောင့်ကြည့်တဲ့ဉာဏ်အလုပ်ပါဘုရား)။

စောင့်ကြည့်တဲ့ ဉာဏ်အလုပ်လို့ ဒကာဒကာမတွေက အသိကြီးသိလာပြီ ဆိုမှဖြင့် သြော် . . . ခန္ဓာကိုယ်ကြီးဟာ သုခကြားမညှပ် ဒုက္ခသစ္စာ တရစပ်ပါလားဆိုတာ ပေါ်ပါလိမ့်မယ် . . . (ပေါ်လာပါတယ်ဘုရား) သုခကြားမညှပ် . . . (ဒုက္ခသစ္စာတရစပ်ပါဘုရား) ဒုက္ခသစ္စာတရစပ်ပါလားဆိုတာ မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

ထိုကဲ့သို့ ပေါ်လာတဲ့အခါကျတော့မှ သြော်. . . ဒုက္ခသစ္စာကြီးပါလား၊ သုခဆိုတာ ဘာမှမပေါ်လာပါလား ဆိုတော့ ဒုက္ခတွေမြင်ပြီး ငြီးငွေ့လာပါလိမ့်မယ်. . . (မှန်လှပါဘုရား) ဒါဖြင့် ဖြစ်ပျက်မြင်တာသည် ယထာဘူတဉာဏ် . . . (မှန်လှပါဘုရား) ဖြစ်ပျက်ဒုက္ခသစ္စာကြီး မုန်းလာတာသည် . . . (နိဗ္ဗိန္ဒာဉာဏ်ပါဘုရား)။

ကြာတော့ ဉာဏ်ကထက်ထက်၊ ထက်ထက်၊ ထက်ထက်ပြီး ကြည့်ပါများလာတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ့ချတဲ့ ဒီဒုက္ခကြီးနဲ့ဖြင့် မနေချင်ပါဘူးဆိုတာ မနေချင်တဲ့ဉာဏ်မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

မနေချင်တဲ့ဉာဏ် လာတဲ့အခါကျတော့ ခုနင်ကဒုက္ခတွေ

www.dhammadownload.com


အကုန်ပျောက်သွားပါလိမ့်မယ်. . . (မှန်လှပါဘုရား) မနေချင်တဲ့ ဉာဏ်လာတော့ ဘာတွေပျောက်သလဲ . . . (ဒုက္ခတွေပျောက်ပါတယ်ဘုရား) ဒါဖြင့် ဒုက္ခပျောက်၍ ဒုက္ခဆုံးတာက နိရောဓသစ္စာ၊ ဒုက္ခအဆုံးသိတာက. . . (မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဆိုတော့ မဂ်စစ်ပေါ်လာလိမ့်မယ် (မှန်ပါ့ဘုရား) ဒုက္ခပျောက်ရင် မဂ်စစ်ပေါ်လာလိမ့်မယ်၊ ဒုက္ခတွေ့ရင် ဝိပဿနာမဂ်ပေါ်လိမ့်မယ်. . . (မှန်လှပါဘုရား) ဒုက္ခတွေ့ရင် . . . (ဝိပဿနာမဂ်ပေါ်လိမ့်မယ်ဘုရား)။

ဒုက္ခတွေ မရှိဘူးဘုရား၊ ရုပ်နာမ်ကိုမရှိဘူးဘုရား ဆိုရင်ဖြင့် ဘာပေါ်လာမလဲ. . . (မဂ်စစ်ပေါ်လာလိမ့်မယ်ဘုရား) မဂ်စစ်ပေါ်လာလို့ ဒုက္ခမရှိတာက နိရောဓသစ္စာ. . . (မှန်လှပါဘုရား) မဂ်စစ်ပေါ်လာလို့ ဒုက္ခမရှိတာက နိရောဓသစ္စာ. . . (မှန်လှပါဘုရား) မရှိမှန်းသိတာက . . . (မဂ္ဂသစ္စာပါဘုရား)။

အဲဒီကျအောင် စောင့်ကြည့်ရင်း မတ္တနဲ့ဆုံးသွားအောင် လိုက်လိုက်လို့ ရှိရင်ဖြင့် 'ဒုက္ခဿအန္တံကရိဿတိ' ဒုက္ခဿ၊ ဒုက္ခ၏။ အန္တံ၊ အဆုံးကို။ ကရိဿတိ၊ မဂ်ဉာဏ်က မျက်မှောက်ပြုလိမ့်လတ္တံ့လို့ ရှင်သာရိပုတ္တရာကလဲဟော၊ ဘုရားကလဲဟောသည် ဖြစ်လေသောကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ယနေ့ကစပြီး စောင့်ကြည့်တဲ့ အလုပ်လုပ်စမ်းပါ . . . (မှန်လှပါဘုရား)။

ဖြစ်ပျက်တွေလာသရွေ့ကို စောင့်သာကြည့်ပါလို့ သတိပေး

www.dhammadownload.com


လိုက်တယ် . . . (မှန်လှပါဘုရား) ဖြစ်ပျက်တွေလာသရွေ့ကို (စောင့်သာကြည့်ရပါတယ်ဘုရား) စောင့်ကြည့်ပါ၊ ဒို့ပြင်ဘာမှ မလုပ်ပါနဲ့၊ စောင့်ကြည့်တော့ ကြာတော့ဖြစ်ပျက်တွေ ဒကာကြွယ်တို့ ဦးလှဘူးတို့ စိပ်လာလိမ့်မယ် . . . (မှန်လှပါဘုရား)။

စိပ်လာပြီဆိုမှဖြင့် စိပ်ပေမယ့် မပျင်းနဲ့၊ ဩော် . . . အသေတယ်များပါကလား၊ ဩော် . . . ဒုက္ခတွေ တယ်များပါလား၊ ဩော် . . . ဒုက္ခတွေတယ်များ ပါလားလို့ သူကဘယ်လောက်ပဲ များများ ကိုယ်ကဒုက္ခများတယ်လို့သာ မြင်အောင်ကြည့်နေ . . . (မှန်လှပါဘုရား) ကြာတော့ ဩော် . . . ဖြစ်လာတာကလဲဒုက္ခ၊ ပျက်သွားတာကလဲ ဒုက္ခ၊ အဲ . . . ဒီကဲ့သို့ ဒုက္ခကို အဖြစ်လဲမသာယာ၊ အပျက်လဲမသာယာ၊ အဖြစ်ရော . . . (မသာယာပါဘုရား) အပျက်ရော . . . (မသာယာပါဘုရား)။

မသာယာပါဘူးတဲ့။ ထိုကဲ့သို့ မသာယာတဲ့အခါကျတော့ ဖြစ်ပျက်ကို သာယာတဲ့တဏှာကလဲ ချုပ်ပါရော ဖြစ်ပျက်လဲချုပ်တာပဲ . . . (မှန်လှပါဘုရား) သာယာတဲ့ဒိဋ္ဌိလဲချုပ်ပါရော . . . (ဖြစ်ပျက်လဲ ချုပ်တာပါဘုရား) ဖြစ်ပျက်လဲ ချုပ်သွားတာပဲ ဆိုတော့ ဖြစ်ပျက်ချုပ်တာ နိဗ္ဗာန်၊ ချုပ်မှန်းသိတာ မဂ်ဉာဏ်၊ ဖြစ်ပျက်ချုပ်တာက . . . (နိဗ္ဗာန်ပါဘုရား) ချုပ်မှန်းသိပြီဆိုတာက . . . (မဂ်ဉာဏ်ပါဘုရား)။

ဩော် . . . ဒါဖြင့် ဒကာကြွယ်တို့ ဒကာဦးလှဘူးတို့ ဒကာ

www.dhammadownload.com



သစ်တို့ နိဗ္ဗာန် ဝေးသလား . . . နီးသလား . . . (နီးပါတယ်ဘုရား) နီးလျက်နဲ့ မရောက်တာ ဘာကြောင့်ပါလိမ့်မလဲလို့မေးတော့ စောင့်ကြည့်တဲ့အလုပ်လဲ မလုပ်ဘူး . . . (မှန်လှပါဘုရား) စောင့်ကြည့်တဲ့အလုပ်ကို . . . (မလုပ်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့သည် သံသရာထဲမှာ ငရဲအိုးတွေကလဲ ငရဲမီးတွေတောက်ပြီး တပွက်ပွက်ဆူနေတာဟာ ဒီခန္ဓာကြီးကို ခင်တွယ်တဲ့ တဏှာလောဘ မချုပ်တာတဲ့။ ဒကာဒကာမတို့ တဏှာကနေပြီး ငရဲအိုးကို ဖန်တီးနေတယ် . . . (မှန်လှပါဘုရား)။

ဒီဋ္ဌိကနေပြီး ငရဲအိုးဖန်တီးနေတာ. . . (မှန်လှပါဘုရား) ဒါကြောင့် ခင်ဗျားတို့ကတော့ တရားနာလျက် ဒုက္ခမချုပ်တော့ကို နောက်တဏှာက ကျန်မ နေဘူးလား . . . (ကျန်နေပါတယ်ဘုရား)။

နောက်တဏှာကျန်တော့ တဏှာက ဘယ်ခန္ဓာလုပ်ရပါမလဲ ဆိုပြီး အချိုးကျသူကစီမံနေတယ် . . . (မှန်လှပါဘုရား) အချိုးကျ စီမံပြီးသကာလနေတော့ တဏှာက ငရဲသွားတဲ့တဏှာလဲရှိတယ်၊ သုဂတိသွားတဲ တဏှာလဲရှိတယ် . . . (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ တဏှာက အမျိုးမျိုးအဖုံဖုံ စုတိစီမံလိုက် ငရဲအိုးတွေ စီမံလိုက်ဆိုတာ တဏှာမချုပ်လို့ဖြစ်ရတာ. . . (မှန်လှပါဘုရား) ဒိဋ္ဌိမချုပ်လို့ . . . (ဖြစ်ရတာပါဘုရား)။

ဝိစိကိစ္ဆာမချုပ်လို့ . . . (ဖြစ်ရတာပါဘုရား) အခုတော့ဖြင့် ဒကာဒကာမတွေ စောင့်ကြည့်ဖြစ်ပျက်မြင်ရင် ယထာဘူတဉာဏ်၊

www.dhammadownload.com



ဖြစ်ပျက်မှုန်းရင် . . . (နိဗ္ဗိန္ဒ ဉာဏ်ပါဘုရား)။

ဖြစ်ပျက်တွေများ ရှုရင်းမတ္တနဲ့ဖြစ် ဒုက္ခပျက်ဒုက္ခမှုတစ်ပါး ဘာမှမရှိဘူးလို့ လိုချင်စရာရချင်စရာ ဘာမှမရှိဘူးလို့ ဒီခန္ဓာကို ဆုံးဖြတ်ချက်ချလို့ရှိရင်လဲ အဲဒါ. . . ဒုက္ခသစ္စာပိုင်းခြားသိတာပဲ . . . (မှန်လှပါဘုရား)။

ထိုကဲ့သို့ ပိုင်းခြားသိလိုက်တဲ့အခါကျလို့ရှိရင် ဒုက္ခတွေ ဒကာကြွယ် ဘာဖြစ်သွားသလဲ. . . (ချုပ်သွားပါတယ်ဘုရား) ဒုက္ခ တွေဆုံးသွားတယ် . . . (မှန်လှပါဘုရား)။

ဒုက္ခဆုံးတာ ဘာခေါ်ကြမယ်. . . (နိဗ္ဗာန်ပါဘုရား) ဆုံးပေါ့ လို့သိတာက . . . (မဂ်ဉာဏ်ပါဘုရား)။

ဩော်. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ နိဗ္ဗာန်သည် ခန္ဓာအဆုံးရှိတယ်ဆိုတာ ယနေ့တစ်ထစ်ချမှတ်ဖို့ . . . (မှန်ပါ့ဘုရား)။

နိဗ္ဗာန်သည် အထက်မှာရှိသလား၊ အောက်မှာရှိသလား၊ ဘေးမှာရှိသလားလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ . . . (ခန္ဓာအဆုံး မှာရှိပါတယ်ဘုရား)။

အဲ. . . ခန္ဓာဆိုတာ ဖြစ်ပျက်ပဲ . . . (မှန်လှပါဘုရား) အဲဒီဖြစ်ပျက်အဆုံးမှာ နိဗ္ဗာန်ရှိတယ်ဆိုတာ ယနေ့ကစပြီး ဘုန်းကြီးတို့ ဒကာဒကာမတွေ ကြိုး စားလို့ ရှိရင်ဖြင့်တဲ့ အပါယ်လေးပါးတံခါးတွေ တံခါးတင်မဟုတ်ပါဘူး၊ ငရဲမီးငြိမ်း၍ ငရဲအိုးသိမ်းပါတယ်ဆိုတာကို ကိုယ့်ဉာဏ်က မဂ်ဉာဏ်ကနေ သိမ်းလိုက်တယ်လို့ ဆုံးဖြတ်ချက်

www.dhammadownload.com


ချလိုက် . . . (မှန်လှပါဘုရား)။

ဘယ်သူက သိမ်းတာပါလိမ့် . . . (မဂ်ဉာဏ်ကသိမ်းတာပါဘုရား) ဒကာကြွယ် ရှင်းပြီလား . . . (ရှင်းပါပြီဘုရား) သဘောပါပလား . . . (ပါ-ပါတယ် ဘုရား) ဒါက အလုပ်စဉ်ကလေး ရှေ့ပိုင်းကပြတာပါ။

ဟောရမယ့်တရားက ဒကာ၊ ဒကာမတွေ သေသေချာချာ မှတ်ပါ။ သိကြားမင်းသောတာပန်တည်တဲ့တရားကိုဟောလိမ့်မယ် (မှန်လှပါဘုရား) သိကြားမင်းဘယ်လိုရှုလို့ သောတာပန်တည်သွားတယ် ဆိုတဲ့ဥစ္စာ၊ အပါယ်လေးပါး တံခါးပိတ်သွားတယ်ဆိုတဲ့ဥစ္စာ၊ ဒကာကြွယ်တို့၊ ဒကာသစ်တို့၊ ဦးလှဘူးတို့ အားလုံးသိရမယ်နော်-

သို့သော်လဲ အစီအစဉ်လေးနဲ့တကွ၊ ဒကာ၊ ဒကာမတို့တွေ သိရရင် ပိုပြီးကောင်းတဲ့အတွက် သိကြားသည် ဘုရားမဖြစ်ခင်က ဖြစ်တဲ့သိကြားလို့ မှတ်ထား၊ ဘုရားမဖြစ်ခင်ကဖြစ်တဲ့ သိကြားဆိုတော့ သူ့မှာ သံသယတွေက တစ်ပုံကြီးပဲ၊ ဝိစိကိစ္ဆာတွေ တစ်ပုံကြီးပဲ ဖြစ်ပြီးနေတဲ့အတွက် မေးစရာတွေက ကောင်းကင်ပျံနိုင်တဲ့ ရသေ့တွေလဲရှိပါတယ်၊ သမထသမားတွေအကုန် ရှိပါတယ်တဲ့၊ သူလျှောက်မေးလို့ရှိရင်၊ ဝိစိကိစ္ဆာ၊ သံသယတွေ ဖြေပျောက်နိုင်တဲ့ ပုဂ္ဂိုလ်၊ တစ်ဦးတစ်ယောက်မှမရှိဘူး။

ဒါနဲ့ ဘုရားပွင့်တယ်ဆိုတာနဲ့ ဘုရားကလဲ ဂူကြီးတစ်ခုထဲမှာ သီတင်းသုံးနေထိုင်တဲ့အခါ ဘုရားဆီအရောင်အဝါနဲ့တကွ ဆင်းပြီး

www.dhammadownload.com



သကာလ လာလျှောက် ပါတယ်။

အရှင်ဘုရား၊ တပည့်တော် သာသနာတွင်း မကြုံခဲ့တဲ့ သိကြားဖြစ်ပါ တယ်။ အခုမှ အရှင်ဘုရားတည်းဟူသော ပုဂ္ဂိုလ်ထူးထူးထည်ထည်၊ ပေါ်ပေါက်လာတာနဲ့ တပည့်တော် သံသယကလေး ဖြေရှင်းပေးပါဘုရားလို့ လျှောက်တဲ့အခါကြတော့၊ ဒကာကြီး မေးချင်ရာမေး ဖြေမယ်ဆိုတော့ ဘုရားဆိုတော့ ရဲတင်းဒါပေါ့ မေးချင်တာမေးဖြေမယ် (မှန်ပါ့ဘုရား)။

ဘုရားက ခွင့်ပြုပေးလိုက်တဲ့အခါကြတော့ သိကြားက လူတွေရော၊ နတ်တွေရော၊ ဗြဟ္မာတွေရောဘုရား။ ကိုယ့်ကိုယ် ကျန်းမာချင်လို့၊ ချမ်းသာချင်လို့ ကိုယ့်ကိုယ်မေတ္တာပို့လိုက်ကြတာလဲ မနည်းလှဘူး၊ မပို့ကြဘူးလား (ပို့ကြပါတယ်ဘုရား)။

အဟံအဝေရော၊ဟောမိ အဗျာပဇ္ဈောဟောမိနဲ့ အဟံ= အကျွန်ုပ်သည်၊ အဝေရော = ရန်မရှိသည်၊ ဟောမိ.= ဖြစ်ရပါလို၏နဲ့ အဗျာပဇ္ဈော = ကြောင့်ကြမှုမရှိသည်၊ ဟောမိဖြစ်ရပါလို၏နဲ့ မပို့ကြဘူးလား (ပို့ကြပါတယ်ဘုရား)။

အဲဒီကဲ့သို့ ကိုယ့်ကိုယ်ကိုလဲ မေတ္တာပို့ကြပါတယ်ဘုရား၊ ကျန်းမာရေးတွေလဲ ဒီဓာတ်စာ၊ ဒီအစာမှစားမယ်၊ ဒီအစာမတည့်ဘူး၊ မစားဘူးဆိုပြီး ကျန်းမာရေးတွေလဲ ရှောင်ကြပါတယ်၊ မကျန်းမာမယ့် အစားအစာတွေလဲ ရှောင်ကြပါတယ်၊ ထိုကဲ့သို့ ကိုယ့်ကိုယ်မေတ္တာပို့၊ ကျန်းမာရေးတွေလိုက်စားပြီးသကာလ နေပြားသော်လဲ ဘေးအတန်

www.dhammadownload.com


တန်၊ ရန်အထပ်ထပ်တွေမကင်းဒါ၊ ဘာကြောင့်ပါလိမ့်မလဲဘုရား။

မေးခွန်း   သိပ်ကောင်းတယ်၊ (ကောင်းပါတယ်ဘုရား) ကျန်းမာရေးတွေ လိုက်စားပါလျက်သားနဲ့၊ ကိုယ့်ကိုယ်ကို မေတ္တာတွေထူးခြားပြီး ပို့ပါလျက်သားနဲ့၊ သူတစ်ပါးကျန်းမာပါစေဆိုတာ ပို့ပါလျက်သားနဲ့ကိုယ့်မှာ သူများက မျက်စောင်းထိုး၊ ဟိုက ကွဲ့ရဲ့၊ ဒီကအတင်းဆို၊ ဟိုကနေပြီးအရောင်းအဝယ် ငွေအားနဲ့ဖိလိုက်၊ အမျိုးမျိုးအဖုံဖုံ အန္တရာယ်တွေရန်က ဒကာကြွယ်မတွေ့ကြရဘူးလား (တွေ့ကြရပါတယ်ဘုရား)။

အဲဒါ အန္တရာယ်မကင်း၊ ဘေးမကင်းရှိပြီးသကာလ နေတာပြော စပါးပါဘုရား၊ တပည့်တော်ဖြင့် ဘုရားမပွင့်မှီကဖြစ်တဲ့ သိကြားဖြစ်နေသောကြောင့် ပြေလည်အောင်လဲ ဘယ်ပုဂ္ဂိုလ်မှ မဖြေကြပါဘူး၊ ဒါတပည့်တော်ဖြင့် အရှင်းကြီးရှင်းပြီး၊ အလင်းကြီး လင်းချင်ပါတယ်ဆိုတဲ့အကြောင်း ဒကာကြွယ်မလျှောက်ဘူးလား . . . (လျှောက်ပါတယ်ဘုရား)။

ဒကာကြီး သေသေချာချာမှတ်၊ ဘုရားက သေသေချာချာ မှတ်ပါတဲ့၊ ဒကာကြီး သဏ္ဍာန်မှာဣဿ၊ မစ္ဆရိယရှိလို့၊ ဘယ်လိုပင် မေတ္တာပို့၊ ဘယ်လိုပင် ကျန်းမာရေးလိုက်စားငြားသော်လဲ၊ အန္တရာယ် မကင်း၊ ဘေးမရှင်းဘူး၊ (မှန်လှပါဘုရား) ဘာရှိနေလို့လဲ (ဣဿ၊ မစ္ဆရိယရှိနေလို့ပါဘုရား)။

ကိုင်း ဒကာ၊ ဒကာမတို့ လက်သယ်တွေ့ပြီ၊ (တွေ့ပါပြီဘုရား)

www.dhammadownload.com


ဒကာကြွယ် လက်သယ် (တွေ့ပါပြီဘုရား) အားလုံးတရားနာတဲ့ ပုဂ္ဂိုလ်တွေ၊ အန္တရာယ်မကင်း ဘေးမရှင်းတဲ့ လက်သယ်တွေ့ ကြပြီလား၊ ဘာပါလိမ့်မလဲ (က္လေသ၊ မစ္ဆရိယပါဘုရား)။

အဲဒီက္လေသနဲ့ မစ္ဆရိယကို မင်္ဂလေးပါးရှိတဲ့အနက်က တစ်ပါးပါးကို ကိုယ်ထိုက်တန်သလောက်အားထုတ်ပါ။ အလုံးဝနေတဲ့ သရက်သီးကို အပေါ်ရံက တစ်ထပ်လှီးလို့ရှိရင် သုံးထပ်ကျန်မှာပေါ့၊ (မှန်လှပါဘုရား) နောက်နှစ်ထပ်လှီး၊ နောက်သုံးထပ်လှီး၊ လေးထပ်လှီးတော့၊ သရက်သီးအသားတွေ ကုန်သွားပေဘူးလား (ကုန်သွားပါတယ်ဘုရား)။

ဒီလိုပဲတဲ့၊ ပထမမင်္ဂနဲ့သူနဲ့ဆိုင်ရာတွေ လှီးရမယ် (မှန်ပါ့) လှီးလို့ရှိရင် သူနဲ့ဆိုင်တဲ့အန္တရာယ်တွေမကင်းပေဘူးလား (ကင်းပါတယ်ဘုရား) အဲဒီတော့ ဒကာ၊ ဒကာမတွေ အန္တရာယ်ကင်းလို့ ဘေးရှင်းချင်ရင်၊ က္လေသမစ္ဆရိယပါးအောင် နည်းအောင် လုပ်ရလိမ့်မယ် (မှန်လှပါဘုရား)။

ကဲ-သိကြားက အန္တရာယ်မကင်း၊ ဘေးမရှင်းတာ၊ ဘာကြောင့်တုံးလို့ မေးတော့၊ သိကြားကမေးတော့၊ ဘုရားက ဘယ်လို ဖြေလိုက်ပါလိမ့်၊ (က္လေသ မစ္ဆရိယ ကြောင့်ပါဘုရား) က္လေသတွေ၊ မစ္ဆရိယတွေရှိနေလို့ အန္တရာယ်မကင်း၊ ဘေးမရှင်းဘူးဆိုတာ ဘုရားက အဖြေထုတ်လိုက်တယ်၊ ဒကာကြွယ်သဘောကျပလား (ကျပါတယ်ဘုရား)။

www.dhammadownload.com



ကိုင်းဒါဖြင့် ဘုန်းကြီးကလဲ ရှင်းပြပါမယ်တဲ့၊ ဒကာ၊ ဒကာမတို့ က္လာဿဆိုတာ၊ သူတစ်ပါးကို ငြူစူတာ၊ (မှန်ပါ့) မစ္ဆရိယဆိုတာ၊ ကိုယ့်ပစ္စည်းကို လျှို့ဝှက်တာ၊ က္လာဿဆိုတာ ဘာပါလိမ့်၊ (သူတစ်ပါးကိုငြူစူဒါ)၊ ဥပမာ၊ ဒကာကြွယ်ရ ဘန်ကောက် ရောင်းတယ်ဆိုကြပါစို့ သူများက အပြိုင်ပေါ်လာလို့ရောင်းလို့ရှိရင် အဲကွာ ဈေးဖျက်တယ် ဟော့ - မလာဘူးလား (လာပါတယ်ဘုရား)။

ဒါဘယ်လိုဆိုကြမလဲ၊ က္လာဿပေါ့ဗျာ၊ နဲနဲမငြူစူမိဘူးလား၊ (ငြူစူပါတယ်ဘုရား) အဲဒီတော့ ဟိုကငွေမတောင့်တော့၊ သူဟာဖြုတ်ပစ်ရရှာတယ် (မှန်လှပါ) ကွာ - ဒီလိုလူတွေကြောင့် ခက်ဒါဘဲဟော့၊ ဒီအသံကလေးများမထွက်ဖူးဘူးလား၊ (ထွက်ဖူးပါတယ်) ဒါဘာသံပါလိမ့်ဗျာ (က္လာဿပါဘုရား) ဩော်-ဒါဖြင့် ဒကာကြွယ် အန္တရာယ်မကင်းနိုင်ဘူး၊ ကင်းပါ့မလား၊ (မကင်းပါ)။

ညမေတ္တာပို့၊ ကိုယ့်ကိုယ်တော့မပို့ဘူးလား (ပို့ပါတယ်) ပို့လျက်သားနဲ့ ဘာကြောင့် ဒကာကြွယ်ရေ - သူတစ်ပါး ငြူစူမှု၊ စောင်းမြောင်းမှု၊ ချုပ်ချယ်မှုခံကြရပါလိမ့်မတုံး မေးလို့ရှိယင်၊ အဖြေဘယ်နဲ့ ဖြေမလဲ၊ (က္လာဿရှိလို့ပါဘုရား) ရှင်းကြပလား၊ ဒါဖြင့် က္လာဿရှိနေတဲ့ပုဂ္ဂိုလ် အန္တရာယ်ကင်းလို့ဘေးရှင်းဘို့အကြောင်းရှိနိုင်ရဲ့လား (မရှိနိုင်ပါဘုရား)။

ဒါပေမယ့်ဘုန်းကြီးက ဒကာ ဒကာမတွေ သတိပေးချင်ပါတယ် (မှန်လှ ပါ) "ကာလိကလား၊ အကာလိကလား" လို့ မေးခွန်း

www.dhammadownload.com


လေးထုတ်ချင်ပါတယ် (မှန်လှပါ) အကာလိကော ။ အခါမလင့် အကျိုးပေး၏၊ ဘုရားက မလာဘူးလား (လာပါတယ်) ဟော အခုငြူစူလိုက်၊ ဒကာကြွယ်၊ အဲဒီပုဂ္ဂိုလ် မျက်စောင်းထိုးလိုက်၊ ကိုယ့်ပစ္စည်းကိုယ်ရောင်းတာ၊ ဒီအဘိုးကြီးက ဘာဆိုင်တာမှတ်လို့ကွာ၊ ဆိုတာ၊ ချက်ချင်း ဟိုကပြန်အော်တယ် (မှန်လှပါဘုရား) မအော်ဘူးလား၊ အော်သလား (အော်ပါတယ်ဘုရား)။

ဒါဖြင့် သူကာလိကလား၊ အကာလိကလား (အကာလိက ပါဘုရား) ကိုင်းဒါဖြင့် မေတ္တာတွေပို့ပင်ပို့ငြားသော်လဲ၊ ဣဿက ဝင်ပြီးသကာလ၊ ကိုယ်ကဣဿရှိမိတဲ့အတွက် ဟိုက အကာလိက ဆိုပြီး၊ အခါမလင့်အကျိုးပေးတယ်၊ ငါ့ပစ္စည်း ငါရောင်းတာ ဘာဖြစ်သလဲကွ၊ ငါမွဲတာ သူမွဲတာမှတ်လို့၊ ငါအပူ၊ သူ့အပူ မဟုတ်ပါဘူးကွ၊ မပြောတောင် ဝမ်းထဲက ဒီအတိုင်းမရှိပေဘူးလား (ရှိပါတယ်) ရှိတော့ သူ့ငြူစူမှုဟာ၊ ကိုယ့်ဆီမခံရဘူးလား (ခံရပါတယ်ဘုရား) ဒါဘယ်သူ ကြောင့်ပါလိမ့် (ဣဿကြောင့်ပါဘုရား)။

ဒါကြောင့် ဒကာဒကာမတို့၊ ဣဿပေါ်လာလို့ရှိရင် ဣဿကို ဝိပဿနာဉာဏ်ထဲသွင်းကြပါစို့ - (မှန်လှပါ) ဣဿ ဘယ်အထဲသွင်းရမယ် (ဝိပဿနာဉာဏ်ထဲသွင်းရမယ်) ဝိပဿနာ ဉာဏ်ထဲသွင်းရလိမ့်မယ် ဒကာ၊ ဒကာမတို့ (မှန်လှပါ)။

ဣဿ ဘယ်ကလာသတုံးဆိုတော့ အလိုမကျမှုကလာတယ် (မှန်လှပါ) ဣဿဘယ်ကလာသတုံး (အလိုမကျမှုကလာတယ်)

www.dhammadownload.com


အလိုမကျမှုဟာက၊ ဒေါသ မဟုတ်လား (မှန်လှပါ) ဒါကြောင့် ဒေါသကလေးကို ဒကာကြွယ်က ဖြစ်ပျက်ရှု၊ (မှန်လှပါ) ဒကာသစ်တို့ကတော့ (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဒေါသကဖြစ်ပျက်၊ ရှုတာက မဂ်ဆိုတော့၊ ဒကာဒကာမတို့ ဒေါသဟာ ဒေါသတွင်ရပ်ပြီးသကာလ၊ ဣဿ၊ မစ္ဆရိယတွေဘက် လှည့်သေးရဲ့လား (မလှည့်ပါဘုရား) ဘာဖြစ်လို့လဲဆိုတော့ သူက အနိစ္စရောက်သွားတယ် (မှန်လှပါ)။

ဒါဖြင့် ကျုပ်တို့သည် နဂိုလ်က သူ့ဘေးအန္တရာယ်ပေးမလို့လာဒါ၊ ကျုပ်တို့ကိုဖြင့် မဂ်ပေးသွားတယ်ဆိုရင် လွဲပါ့မလား (မလွဲပါဘုရား) ဒါဖြင့် သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေးဆိုတာ၊ ဒီနေရာမှာ သုံးတတ်တာကြောင့်မို့ (မှန်လှပါဘုရား)။

ဒေါသမီးကလေးပေါ်လာရင် ဘာလုပ်ရမယ် (ဖြစ်ပျက်ရှုရပါမယ်) ဒေါသမီးက ဖြစ်ပျက်၊ ရှုတာက (မဂ်) မဂ်ဖြစ်သွားတဲ့အခါကြတော့၊ ဒကာ ဒကာမတွေ ဒီဣဿကလေးက ဒေါသဣဿကလေးက၊ အပါယ်ချနိုင်သေးရဲ့လား (မချနိုင်ပါဘုရား)။

ဩော်ဒါဖြင့် မကောင်းတဲ့တရားပေးမယ့်၊ ကျုပ်တို့က ဉာဏ်နဲ့အုပ်ပြီး ဖြစ်ပျက်ရှုလိုက်တဲ့အခါကြတော့၊ မဂ်ဉာဏ်ပေးတယ်ဆိုဒါ ဒကာကြွယ်တို့ ဒကာသစ်တို့ ကျေကျေနပ်နပ် သဘောကျရမယ် (ကျပါတယ်ဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သဒေါသစိတ္တံ၊

www.dhammadownload.com


သဒေါသစိတ္တန္တိပဇာနာတိ၊ - သဒေါသစိတ္တံ = ဣဿဆိုတဲ့ ဒေါသနှင့်တကွဖြစ်တဲ့စိတ်ကို၊ သဒေါသစိတ္တန္တိ = ဖြစ်ပျက်တဲ့ တရားဟူ၍၊ ပဇာနာတိ = မင်းတို့သည်ကား ရှုဖြစ်အောင် ရှုပါကွ (မှန်လှပါ) မဟောဘူးလား (ဟောပါတယ်ဘုရား) တယ်လဲသတိ ထားတယ်ဆိုတာကော ပေါ်ကြပလား (ပေါ်ပါတယ်ဘုရား)။

ငါမျက်မှန်းကျိုးသကွာ၊ ဟ - ဖြစ်ပျက်ပါလား၊ ဆိုပြီး နှလုံးပိုက်မိဖို့ဟာ အတော်ခက်တယ်နော်၊ (ခက်ပါတယ်ဘုရား) ဒါကို မိအောင်ဖမ်းရလိမ့်မယ်နော်၊ (မှန်ပါ့) ဒကာသစ်တို့ ဘာလုပ်ရမယ် (မိအောင်ဖမ်းရမယ်) မိအောင်ဖမ်းရလိမ့်မယ်နော် (မှန်လှပါ)။

အင်း ဒါဖြင့် ဣဿကဖြစ်ပျက်၊ ရှုတာက (မဂ်ပါဘုရား) မဂ်ဆိုတော့ ဒကာဒကာမတို့ ဣဿက၊ ဒေါသ၊ ဒေါသနောက်က မဂ်ကနေပြီး ဖြတ်လိုက်တယ်။ မဖြတ်ရင် ဒေါသနောက်က၊ သောက လာပြီးသကာလ ဒီအတိုင်းဆို ခက်သေးသကွာဆိုပြီး စိုးရိမ်စရာ မလာဘူးလား (လာပါတယ်)။

ပရိဝေဒဆိုဒါ၊ ငါ့သား၊ ငါ့သမီး၊ ငါ့ငွေဝင်မမှန်ရင် ခက်ရချီသေးရဲ့ဆိုတဲ့ မျက်ရည်ကလေးတွေရောမလာဘူးလား (လာပါတယ်) ဒုက္ခဆိုတဲ့၊ ကိုယ်၏ဆင်းရဲခြင်း၊ အိပ်ပျော်တာတွေ ကောမလာဘူးလား (လာပါတယ်) စိတ်၏ဆင်းရဲခြင်း တောင်တွေး၊ မြောက်တွေး တွေးတာတွေရော (လာပါတယ်ဘုရား) ဥပယာသ ကောမလာဘူးလား (လာပါတယ်)။

www.dhammadownload.com


အဲဒါဖြစ်ပျက်နဲ့မင်္ဂကို ဒကာဒကာမတွေ မရှုလိုက်လို့ (မှန်ပါ့) ဒါဖြင့် ဒေါသ၊ ဣဿလေးလာရင် ဘာလုပ်ကြမယ် (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်လို့ရှိရင်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပယာသ၊ အဝိဇ္ဇာဆိုတဲ့ ပဋိစ္စသမုပ္ပာဒ်၊ အနာဂတ်အကြောင်းတွေ၊ ဘာဖြစ်သွားသလဲ (ချုပ်သွားပါတယ်) ချုပ်သွားပါတယ်ဆိုတာ သေချာပြီလား (သေချာပါတယ်)။

ဒါဖြင့် ဒကာ၊ ဒကာမတွေက ကိုယ်အပါယ်ကျမှာတော့ ကြောက်တယ်ဆိုတော့ ဖြစ်ပျက်တော့မရှုဘူးဆိုရင် အပါယ်ကျကြောင်းတွေက တန်းသွားပါတယ်၊ (မှန်လှပါဘုရား) တန်းသွားတော့ ကယ်မယ့်လူ၊ ယူမယ့်လူ၊ ရှိသေးရဲ့လား (မရှိပါဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ သဒေါသစိတ္တံ၊ သဒေါသ စိတ္တန္တိပဇာနာတိ၊ ဆိုဒါ ဒေါသစိတ် ဖြစ်ပျက်ရှုလိုက်၊ ဒေါသနုလေး၊ ဖြစ်ပျက်ရှုလိုက်ရင်၊ ဣဿတို့ မစ္ဆရိယတို့ဟာ ရောချုပ်တယ် ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လုပ်ဖြစ်အောင်လုပ်ပါဆိုဒါ၊ အန္တရာယ်လဲကင်းစေချင်တယ်၊ နိဗ္ဗာန်လဲရောက်စေချင်လို့ အရှုခိုင်းပါတယ် (မှန်လှပါဘုရား)။

နောက်က ဒကာဒကာမတွေ အန္တရာယ်ကော (ကင်းချင်ပါတယ်) မကင်းချင်ဘူးလား (ကင်းချင်ပါတယ်) နိဗ္ဗာန်ကော (ရောက်ချင်ပါတယ်) ဒါဖြင့် ဣဿလာတိုင်း လာတိုင်း ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်)။

www.dhammadownload.com

ဒါဖြင့် အကြံတူ၊ ရန်သူဖြစ်နေကြတာ၊ ဘယ်သူ့သတ္တိ ထင်ကြသလဲ (က္လေသရဲ့သတ္တိပါဘုရား)၊ ကုန်တူရင်ရန်သူဆိုတာကော (က္လေသပါဘုရား) ရောင်းကွက်တူ ရန်သူဆိုတာကော (က္လေသ ပါဘုရား)။

ဟာ-ဒကာကြွယ်၊ အားလုံးသော အရောင်းအဝယ်သမားတွေ သေလို့ရှိရင်ဖြင့် အပါယ်သွားကြတယ်၊ လက်သည်းပေါ်တင်တဲ့ မြေမှုန့်လောက်သာ သုဂတိသွားတာရှိတယ်ကွ၊ ကျန်တာတွေ မြေမှုန့်နဲ့အမျှ လူတွေအကုန် အပါယ်သွားတယ်ဆိုတာ၊ အယုံကြီး ယုံပြီလား (ယုံပါပြီဘုရား) ဒီနေရာ အသိထားဖို့ပဲလို့ ဘုန်းကြီးက သတိပေးလိုက်ပါတယ် (မှန်ပါ့ဘုရား) ဒီနေရာ အမှန်သတိမထားဘူး လားဟေ့ (ထားပါတယ်ဘုရား)။

ဒါဖြင့် က္လေသလာတိုင်းလာတိုင်း၊ ပြူးစူမယ်၊ ကြံတိုင်းကြံတိုင်း ဘာလုပ်ရမလဲ၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှုပေးပါ၊ ဖြစ်ပျက်ရှုလို့ရှိရင် က္လေသဒေါသဘဲနော် (မှန်ပါ့) သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပယာသ၊ အဝိဇ္ဇာတွေ ဘာဖြစ်သွားပါလိမ့်၊ (ချုပ်သွားပါတယ်) ဩော် ချုပ်သွားတော့ သူ့ကြောင့် သံသရာ စခန်းသတ်ရတယ်ဆိုရင်လွဲပါ့မလား (မလွဲပါဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ကို ဘုန်းကြီးက ဆုံးမတယ်၊ (၁) နံပါတ် တရားကို အမြဲနှလုံးသွင်းနေရင် က္လေသဆိုတဲ့တရားဝင်ခွင့် ရပါ့မလား (မရပါဘုရား) ဒါကြောင့် က္လေသလာရင် က္လေသဖြစ်ပျက်ရှု

www.dhammadownload.com



ဣဿသမလာရင်ရှိရင်းစွဲ ဝိပဿနာတွေကို လက်မလွှတ်စေနဲ့ (မှန်လှပါဘုရား) သဘောပါပြီလား (ပါ ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် မစ္ဆရိယဆိုဒါက၊ ဒကာကြွယ်တို့ မနေ့ကလဲ ပြောခဲ့ပါတယ်၊ မစ္ဆရိယဆိုဒါက ဒီကုန်ကလေး၊ ဈေးတက်မယ်ထင်လို့ ရှိရင်၊ ဝှက်ပြီဗျ၊ (မှန်လှပါဘုရား)၊ ဒီကုန်လေးဈေးတက်မယ်ထင်ရင် (ဝှက်ပြီ) ဘယ်နှယ့်ကြောင့် ဝှက်တာလဲဆိုလို့ရှိရင်၊ လူနိုင်ယူသွား မှာစိုးလို့ (မှန်လှပါဘုရား) ဘယ်လိုကြောင့်ပါလိမ့် (လူနိုင်ယူသွား မှာစိုးလို့ပါ) သူပေးချင်တဲ့သဘောလား၊ မပေးချင်တဲ့သဘောလား (မပေးချင်တဲ့သဘောပါ) မပေးချင်ရင် မစ္ဆရိယပေါ့ဒကာကြွယ်ရ (မှန်လှပါ) ဒကာသစ်ဘာဆိုကြမယ် (မစ္ဆရိယပါ) သဘောကျပလား (ကျပါပြီ)။

ကိုင်းဒါဖြင့် မစ္ဆရိယဆိုတာ လူနိုင်ကိုလာပြီး အတင်းအဓမ္မ ဆွဲကာ ငင်မှာစိုးလို့၊ အဝေးကြီးထားပြီး၊ အဝတ်နဲ့ ဖုံးဝှက်လိုဝှက်၊ ဘီဒိုထဲမှာ၊ အထုတ်နဲ့ဝှက်လိုဝှက်၊ ဒါတွေဟာ ဘယ်သဘော တွေ ထင်ကြသလဲ (မစ္ဆရိယသဘောပါ) မစ္ဆရိယသဘောတွေ။

ကွာ - မစ္ဆရိယများ ခင်ဗျားတို့က ကျေးဇူးတင်လိုက်သေး တယ်၊ တနေ့က လူနိုင်လာတယ်ကွ၊ ဒါကလေးဝှက်မိလို့ ဒီနေ့ဒီဈေး ကလေးကမြင့်လာလို့၊ ဒါကလေးစားရတယ်ဆိုတာ၊ မစ္ဆရိယက ကျေးဇူးတယ်လို့ထင်နေတယ် (မှန်ပါ့)။

စင်စစ်တော့ မစ္ဆရိယက ရန်သူခေါ်တာ၊ (မှန်ပါ့) ဟိုပုဂ္ဂိုလ်က

www.dhammadownload.com



ငါသွားတဲ့ အခါကြတော့ ဒီအခြေအနေသေတ္တာထဲမှာ မြင်ခဲ့သား၊ အပြောအဆိုခက်လို့သာ ပြန်ခဲ့ရတယ်၊ ငါတော့ ဖောက်သယ် ပျက်အောင်လုပ်ပြီကွ၊ ငါမကျေဘူးကွနော်ဆိုတဲ့ ရန်သူဟာပေါ် မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။

ဒါဘယ်သူ့ကြောင့် ရန်သူပေါ်လာသလဲ (မစ္ဆရိယကြောင့် ပါဘုရား) အဲဒါဖြင့် ဒကာ၊ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ် ကြီးက ဟောလိုက်တာက၊ ကိုယ့်ကိုယ်မေတ္တာလဲပို့ပါရဲ့၊ ကျန်းမာရေး လဲလိုက်စားပါရဲ့၊ ဘယ့်နှယ်ကြောင့် အန္တရာယ်မကင်း၊ ဘေးမရှင်း ဖြစ်ရပါလိမ့်မလဲလို့၊ သိကြားကမေးတော့၊ ဘုရားက ဘယ့်နှယ်ဖြေ လိုက်သလဲ (ဣဿ၊ မစ္ဆရိယကြောင့်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ယနေ့ကစပြီး သကာလ ဤတရားနှစ်ခုလာတိုင်း လာတိုင်းတဲ့ ဣဿလာလဲ ဖြစ်ပျက်ရှု၊ မစ္ဆရိယဆိုဒါလဲ ဝန်တိုတဲ့သဘော၊ အဲဒါလာလဲ (ဖြစ်ပျက်ရှု)။

မစ္ဆရိယက ကိုယ့်စည်းစိမ်လျှို့ဝှက်တာ (မှန်ပါ့) လျှို့ဝှက်တော့ ကိုယ့်စည်းစိမ်မပေးချင်တာပဲ၊ လောဘက သိမ်းဆည်းတာ (မှန်ပါ့)။

ဒါဖြင့် ဣဿလာတော့ ဒေါသ၊ မစ္ဆရိယလာတော့ လောဘ (မှန်ပါ့) ဒါဖြင့် လောဘလာလဲ ဘာလုပ်ရမယ် (ဖြစ်ပျက်ရှုရမယ်) ဒေါသလာလဲ (ဖြစ်ပျက် ရှုရပါမယ်) ဖြစ်ပျက်သာရှုပေးပါ၊ ဒကာ ဒကာမတို့ နေရာကျပါလိမ့်မယ်ဆိုတာ သဘောပါပလား (ပါ ပါပြီ

www.dhammadownload.com



ဘုရား) ကိုင်း ဒကာကြွယ် ကျေနပ်ပလား (ကျေနပ်ပါပြီ) ဒါရှေ့က မနာရသေးတဲ့ပုဂ္ဂိုလ်များအတွက် ပြောပါတယ် (မှန်လှပါဘုရား)။

တချို့ဒကာကြွယ်ရေ ဒကာသစ်တို့ အိမ်ကိုတောင်လာပြီး မီးရှို့တယ်၊ (မှန်ပါ့) ဒါလောက်ကဿပ၊ မစ္ဆရိယများဒါကွာ၊ ငါလူမိုက်ပိုက်ဆံပေးပြီး ခိုင်းလိုက်အုံးမယ် (မှန်ပါ့) ကဿပ၊ မစ္ဆရိယသဘောနဲ့ လူမိုက်ပိုက်ဆံပေးခိုင်းလို့ မီးရှို့ခံရတာ ဒါမျိုးမကြားဖူးဘူးလား (ကြားဘူးပါတယ်)။

အဲဒီတော့ အိမ်ရှင်က ဘယ်လိုပြောလိုက်သတုံးဆိုတော့ ကျုပ်တော့ ကံမကောင်းအကြောင်းမသင့်တော့ခံရတာပဲ၊ အမယ်လေး ကံပေါ်ချတယ်၊ (မှန်လှပါဘုရား) ရှို့ဒါက ဘယ်သူက ရှို့ဒါပါလိမ့် (ကဿပ၊ မစ္ဆရိယကပါဘုရား)၊ ရှို့တာက ကဿပမစ္ဆရိယရှို့တာ၊ ဒကာကြွယ်တို့က ဘယ်အပေါ်လွှဲချပါလိမ့် (ကံပေါ်ချပါတယ်)။

ကံများခေချင်တော့ဗျာ၊ ကျုပ်တို့အိမ်မှာ မတရားသဖြင့်လာပြီး၊ မီးရှို့တယ်၊ မတရားသဖြင့်လာပြီး၊ အိမ်ဖျက်တာ၊ မတရားသဖြင့်လာပြီး အိမ်ပုလိပ် အရှာခိုင်းတယ်။

အင်း ဒကာ ဒကာမတွေ ကံခေလို့လား၊ ကဿပမစ္ဆရိယကြောင့်လား၊ (ကဿပမစ္ဆရိယကြောင့်ပါဘုရား)၊ အဲဒီမှာ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အစွဲမလွှဲစေပါနဲ့ (မှန်ပါ့) ကံခေလို့လား၊ ကဿပမစ္ဆရိယက အကာလိကောဆိုပြီး အခါမလင့် အကျိုးပေးတာလား (အခါမလင့်အကျိုးပေးတာပါ) သဘောပါကြပလား၊ (ပါ ပါတယ် ဘုရား)။

www.dhammadownload.com



ဣ္ကသ မစ္ဆရိယအခါမလင့် အကျိုးပေးတယ်ဆိုတာ ဒကာ ဒကာမတွေ ရှင်းပြပါအုံးမယ်၊ ဇောခုနစ်ကြိမ် ဣ္ကသဆိုတဲ့ ဒေါသဇောကလဲ (၇)ကြိမ် (မှန်ပါ့) မစ္ဆရိယဆိုတဲ့ လောဘဇောကလဲ (၇ ကြိမ်ပါဘုရား) ပထမဇောထဲပါတဲ့ စေတနာဟာ (၇) ရက်၊ (၇)လ၊ အတွင်းအကျိုးပေးရမယ် (မှန်လှပါဘုရား) သဘောကျပလား (ကျပါပြီဘုရား) ပထမဇောထဲပါတဲ့ စေတနာဟာ (၇ ရက်၊ ၇လအတွင်း အကျိုးပေးရမယ်)။

ဒါဖြင့် ဒကာဒကာမတို့ အကာလိကော မှန်၊ မမှန် (မှန်ပါတယ်ဘုရား) ဒါဖြင့် ကံမကောင်း အကြောင်းမသင့်လို့လားတဲ့၊ ဣ္ကသမစ္ဆရိယ အကာလိကောလုပ်တာလား (ဣ္ကသ မစ္ဆရိယ အကာလိကောလုပ်တာပါဘုရား)။

အို- ဒီတစ်လုံးနားလည်ရတာကို ဒကာဒကာမတွေ သဲပျော်ပြီလို့ မှတ်လိုက်စမ်းပါ (မှန်လှပါဘုရား)။

ရှေးကကံပေါ်ချည်းချနေတယ် (မှန်လှပါ) အခုတော့ ကံအလုပ်ဆိုမလား ဣ္ကသ မစ္ဆရိယအလုပ်ကများသလား (ဣ္ကသ မစ္ဆရိယအလုပ်က များပါတယ်ဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ မစွဲကောင်းတာ စွဲတဲ့အတွက် ကံမဟုတ်ပါပဲနဲ့၊ ကံအလုပ်ကို စွဲလိုက်တဲ့အတွက် ကမ္ဘဝါဒီဒိဋ္ဌိ (မှန်လှပါဘုရား) ဘယ်အထဲ ရောက်သလဲ (ကမ္ဘဝါဒိဒိဋ္ဌိထဲ ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြင့် အပါယ်လွတ်ပါ့မလား (မလွတ်ပါဘုရား) ကဲ

www.dhammadownload.com


ဘယ်လောက်ကြော်ကြက်စရာကောင်းသလဲ (ကြောက်စရာကောင်းပါတယ်ဘုရား) ခင်ဗျားတို့အိမ်လဲ၊ မီးရှို့ခံရသေးတယ်၊ ဒိဋ္ဌိစွဲချက်မှားလို့လဲ အပါယ်ရောက်ရသေးတယ်၊ နာလိုက်တဲ့ဖြစ်ခြင်း၊ ဒုက္ခကြွယ်ရေ (မှန်လှပါ) မနာဘူးလား (နာပါတယ်)။

ဣဿ မစ္ဆရိယကြောင့် ရှေးဦးစွာ ဘာခံရတယ် (အိမ်မီးရှို့ခံရတယ်) အိမ်မီးရှို့ခံရတာ၊ ကံပေါ်စွဲလိုက်သေးတယ်၊ ကံမကောင်းလို့ဖြစ်ရလေခြင်းလို့ စွဲလိုက်တဲ့အတွက် ဘယ်ရောက်သွားသလဲ (ဒိဋ္ဌိဖြစ်သွားပါတယ်) ဒိဋ္ဌိဖြစ်သွားတော့၊ ဒိဋ္ဌိဆိုတာ အပါယ်လေးပါးသွားတဲ့နေရာ (မှန်ပါ့) သဘောကျပလား၊ (ကျပါတယ်ဘုရား) ဒါကြောင့် ကမ္ဘဝါဒီ ဒိဋ္ဌိကိုလည်း ယနေ့ပယ်လိုက်ပါတယ်။ ဘာပယ်ပါလိမ့် (ကမ္ဘဝါဒီ ဒိဋ္ဌိကို ပယ်ပါတယ်)။

မစ္ဆရိယဆိုဒါလောဘ၊ ကိုယ့်ပစ္စည်း လျှို့ဝှက်တာကိုးဗျ၊ (မှန်ပါ့) ကိုယ်မှာလဲ၊ လက်ကောက်ကလေးဝတ်ထားအုံးတော့၊ ဒကာဒကာမတွေ အကျႌထဲသွင်းလိုက်၊ မတော်မင်္ဂလာဆောင်ဝတ်ချင်လို့ ငှားရင်ခက်ချည်ရဲ့ (မှန်ပါ့) မငှားလဲမကောင်းဘူး (မှန်ပါ့) တစ်ခါထဲဝှက်လိုက်တဲ့အတွက် ကိုယ့်ဟာကိုယ်ဝှက်ပြီး သကာလဝှက်တာက မစ္ဆရိယ။

ဟိုတလောကရှိပါလျက်သားနဲ့ အခုမမြင်ခဲ့ဘူး ကျုပ်ကိုမငှားချင်လို့ သက်သက်ပဲဆိုပြီးသကာလ ဟိုကအန္တရာယ်တွေမပြုချင်ပေဘူးလား (ပြုချင်ပါ တယ်ဘုရား) အဲဒါ ဘယ်သူ့ကြောင့်

www.dhammadownload.com



ဒီအန္တရာယ်တွေပေါ်လာပါလိမ့်လို့ ဒကာ၊ ဒကာမတွေကတွေးစမ်း (ဣဿ မစ္ဆရိယကြောင့်ပါဘုရား)။

ဒါဖြင့် အကာလိကော ဟုတ်၊ မဟုတ် (ဟုတ်ပါတယ်ဘုရား) ကံမကောင်း၍လို့ဖြစ်ရတာလား၊ မစ္ဆရိယကြောင့်ဖြစ်ရတာလား (မစ္ဆရိယကြောင့် ဖြစ်ရတာပါဘုရား) မစ္ဆရိယဆိုဒါ တရားကိုယ်ကောက်လိုက်တဲ့အခါကြတော့၊ ဒကာ၊ ဒကာမ တို့ သူ့အပေါ် မကျေနပ်တဲ့ဒေါသလဲပါတယ် (ပါပါတယ်) သူမပေးချင်တဲ့ လောဘလဲ (ပါ ပါတယ်)၊ သဘောပါပလား (ပါ ပါပြီဘုရား)။

အဲ့ဒါကြောင့် ဒကာ၊ ဒကာမတွေ ဣဿလာဘာလုပ်ကြမယ် (ဖြစ်ပျက်ရှု ရပါတယ်) သံသရာမပြတ်ဘူးလား (ပြတ်ပါတယ်) မစ္ဆရိယလာရင်ကော (ဖြစ်ပျက်ရှုရပါမယ်ဘုရား) သံသရာမပြတ်ဘူးလား (ပြတ်ပါတယ်ဘုရား)။

အေး အဲဒီသံသရာပြတ်ချင်လို့ရှိရင်ဖြင့် ခင်ဗျားတို့ကို တရားတစ်လုံး အထူးပဲပြောလိုက်ပါမယ်၊ ရှုစရာမရှိဘူးလို့ ဒကာ ဒကာမတွေ တရားတစ်ပွဲလုံးက မဆိုလိုက်ပါနဲ့ (မှန်လှပါ) ဣဿပေါ်လာဒါလဲ၊ ဟေ်ပဿိကောလို့ မှတ်လိုက်ပါ (မှန်လှပါ) မစ္ဆရိယပေါ်လာတာကော (ဟေ်ပဿိကောပါဘုရား) ဟေ်ကလာခဲ့ ပဿကင့်ကိုယ်ရှုပါ (မှန်ပါ့)။

ဣဿက ငါ့ကိုရှုပါခိုင်းတာ (မှန်လှပါ) မစ္ဆရိယကော (ငါ့ကို ရှုပါခိုင်းပါ တယ်ဘုရား) ဟေ်လာခဲ့၊ ပဿရှုပါလို့၊ သူတို့ အရှုခိုင်းတာ၊

www.dhammadownload.com


ခင်ဗျားတို့က မရှုဘူး ဆိုရင်၊ ငါတို့က ပဋ္ဌိစ္စသမုပ္ပာဒ် ကျေးဇူးပြုလိုက်မယ်ဆိုပြီးသကာလ ဒေါသကလဲ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ အဝိဇ္ဇာ၊ သင်္ခါရကျအောင် မလုပ်လိုက်ဘူးလား (လုပ်လိုက်ပါတယ်ဘုရား)။

ကိုင်းဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ စဉ်းစားကြပါတော့၊ ဇေဟိ ပဿိကော၊ မလုပ်မိလို့၊ သူတို့ကထင်သလို ရမ်းလို့ ကျုပ်တို့သံသရာ၊ အပါယ်ငရဲထဲမှာ အမြုပ်ကြီးမြုပ်၊ အမျောကြီးမျောရတယ် (မှန်လှပါဘုရား)။

ဒကာကြွယ်တို့က၊ ဧဟိပဿိကော၊ ဩပနေယျိကောနဲ့ ဘုရားရှေ့မှာ ရွတ်နေတာ (မှန်လှပါ) ဘုရားရှေ့မှာသာ ရွတ်နေတာ၊ လုပ်ရမယ့်အလုပ်လို့ သိရဲ့လား (မသိပါဘုရား) ဩော်- ခင်ဗျားတို့က သောက်ဆေး၊ လိမ်းဆေးလုပ်နေတာကို (မှန်လှပါဘုရား) ဘယ်နှယ် လုပ်နေပါလိမ့်၊ (သောက်ဆေး၊ လိမ်းဆေး လုပ်နေတာပါဘုရား) ဘယ်တော့ ဒီဝေဒနာပျောက်ပါ့မလဲ (မပျောက်ပါဘုရား)။

ဒီကရှေ့ သောက်ဆေး၊ သောက်ဆေးလုပ်စမ်းပါ (မှန်ပါ့) ဣလည်းလာလဲ ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်) ဣလည်းက ဧဟိလာခဲ့၊ ပဿရှုပါ၊ သောက်ဆေးလုပ်ပါကွ ဝမ်းထဲရောက်အောင် လုပ်ပါ (မှန်ပါ့) ဝမ်းထဲမဂ်ပေါ် အောင်လုပ်ပါလို့ သူကမပြောဘူးလား (ပြောပါတယ်) သူကပြောဒါ ခင်ဗျားတို့က လိမ်းဆေးလုပ်ပြီး လျှောက်သာရွတ်နေတယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

www.dhammadownload.com


ဒကာကြွယ် ဝမ်းထဲရောက်မှ ပျောက်တဲ့ဆေး၊ လိမ်းဆေးလုပ်နေတော့၊ ခရီးပေါက်ပဲ့မလား (မပေါက်ပါဘူးဘုရား) ဒီကရှေ့ ဒကာဒကာမတို့ ဘယ်တရား ပေါ်ပေါ်၊ ပေါ်တဲ့တရား ဖောက်လာခဲ့ပါ၊ ပဿရှုပါလို့ခေါ်တဲ့တရားချည်း မှတ်လိုက် (မှန်ပဲ့) သဘောပါပလား (ပါပါပြီဘုရား)။

ဘုရားကလောဘစိတ်လဲရှုပါ၊ ဒေါသစိတ်လဲရှုပါ၊ ကုသိုလ်စိတ်လဲ (ရှုပါ) ဘယ်က မရှုနဲ့လို့ပါသေးလား (မပါပါဘုရား) သို့သော် ခင်ဗျားတို့က ကုသိုလ်တော့ ရှုကောင်းတယ် အောက်မေ့နေတယ်၊ အကုသိုလ်တွေကြတော့ မရှုကောင်းဘူး ထင်နေတယ် (မှန်ပဲ့) အကုန်ရှု၊ အကုန်ရှု (မှန်ပဲ့)။

ရှုတဲ့အခါကြတော့ ဖြစ်ပျက်က အနိစ္စ၊ ရှုဒါက မဂ္ဂ၊ သေတာက သမုဒယ၊ ရတာက နိရောဓ (မှန်ပဲ့) သဘောပါပလား (ပါ ပါပြီဘုရား) လုပ်ကြစမ်းပါ ဒကာ ဒကာမတို့။

ဘုန်းကြီးကလဲ အသက်ကြီးပြီ (မှန်ပဲ့) ဒကာဒကာမတွေကလဲ (အသက်ကြီးပြီ) ကြော် သေခါနီးချင်း ကယ်နေကြတာ (မှန်ပဲ့)။

ဘယ်လိုဆိုကြမယ် (သေခါနီးချင်းကယ်နေကြတာ) တာရှည်တော့ ကယ်နိုင်ကြမယ်မဟုတ်ပါဘူး (မှန်ပဲ့) ယူတဲ့ပုဂ္ဂိုလ်ဇာလဲ ယူနိုင်ပဲ့မလား၊ (မယူနိုင် ပါဘုရား) ပေးတဲ့ပုဂ္ဂိုလ်ကလဲ ပေးနိုင်ပဲ့မလား (မပေးနိုင်ပါဘုရား)။

www.dhammadownload.com


ဒါဖြင့် ဒီနေ့အချိန်အကောင်းဆုံး (မှန်ပါ့) ဘယ်လိုဆုံးဖြတ်ချက်ချမလဲ (ယနေ့အချိန်အကောင်းဆုံးပါဘုရား) ယနေ့ပေးတယ်၊ ယနေ့ယူတယ်ဆိုတာ အကောင်းဆုံးပဲ။

နက်ဖန်ဒီဆရာရှိချင်မှရှိမယ်၊ နက်ဖန်ဒီ ဒကာဒကာမတွေကော (ရှိချင်မှရှိမှာပါဘုရား) ရှိချင်မှရှိမယ်၊ သမုတိသစ္စာနယ်ကတော့မရှိနိုင်ဘူး၊ (မှန်ပါ့) ဖြစ်နိုင်ပါတယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

သိကြားက ဆက်မေးတယ်၊ ကောင်းပါပြီဘုရား၊ ရှင်းသွားပါပြီတဲ့၊ လူတွေဟာ အန္တရာယ်မကင်း ဘေးမရှင်းတာ ဣဿ မစ္ဆရိယ ဝမ်းထဲမှာ ဝိပဿနာဉာဏ်နဲ့ မရှုလို့ အန္တရာယ်မကင်းဒါကို တပည့်တော် သေသေချာချာသိပါပြီတဲ့၊ အဲဒီ ဣဿ မစ္ဆရိယ အကြောင်းမဲ့လာသလားဘုရား၊ အကြောင်းကြောင့် လာသလား ဘုရားလို့ ပဋိစ္စသမုပ္ပာဒ်ကောက်မေးတယ် (မှန်လှပါ)။

ဘာကောက်မေးသလဲ (ပဋိစ္စသမုပ္ပာဒ်ကောက်မေးပါတယ်ဘုရား) ပဋိစ္စသမုပ္ပာဒ်ကောက်မေးတဲ့အခါကြတော့ သိကြားသေသေချာချာမှတ်ကွ၊ ဣဿမစ္ဆရိယအကြောင်းရှိတယ်ကွ၊ ချစ်ခြင်း၊ မုန်းခြင်းကလာတာ (မှန်လှပါ) ဘယ်ကလာပါလမ့် (ချစ်ခြင်း၊ မုန်းခြင်းကလာတာပါဘုရား)။

ဣဿမစ္ဆရိယ ဘယ်ကလာပါလိမ့် (ချစ်ခြင်း၊ မုန်းခြင်းကလာတာပါဘုရား)၊ ဒကာကြွယ်နေရာကြပြီး တစ်သက်မှတစ်ခါနာရတဲ့

www.dhammadownload.com


တရားဖြစ်နေလို့ မမေ့ပါနဲ့ (မှန်လှပါ) ကျုပ်မကောင်းတဲ့စိတ်တွေ ဘယ်ကလာမှန်းမသိဘူးဗျာ၊ နောက်အဲဒီအညည်းမျိုးမညည်းနဲ့ (မှန်ပါ့) ဒါချစ်ခြင်းမုန်းခြင်းကလာတာ (မှန်ပါ့)။

အရှင်ဘုရား၊ ချစ်ခြင်းမုန်းခြင်းကလာတယ်ဆိုတော့ အရှင်ဘုရားက ခပ်ကျဉ်းကျဉ်းပေးတော့၊ တပည့်တော်ကလဲ ပုထုဇဉ် သိကြားဖြစ်နေတော့ ရှင်းပေးပါအုံးဆိုတော့ ဒကာကြွယ် ရှင်းပေးလိုက်ပါတယ် (မှန်ပါ့ဘုရား)။

ချစ်တဲ့ပုဂ္ဂိုလ် ဒကာကြွယ် သမီးကလေးချစ်တယ်ဆိုကြပါစို့၊ ဖြုံးတဲ့သုံးတဲ့ ပုဂ္ဂိုလ်တွေ၊ ဆင်ယင်ပြီးဝတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဒကာကြွယ်သမီးနဲ့ပေါင်းတယ် (မှန်ပါ့ဘုရား) ဒကာကြွယ် ကျေနပ်ပါ့မလား (မကျေနပ်ပါဘုရား) ဘာပြုလို့ မကျေနပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါ၊ သမီးချစ်လို့ပျက်သွားမှာစိုးလို့ (မှန်လှပါဘုရား)။

ဟောဒချစ်ခြင်းကြောင့် ဟိုပုဂ္ဂိုလ်လာတာ ကျေနပ်ရဲ့လား (မကျေနပ်ပါဘုရား) မကျေနပ်တော့ ဣဿဖြစ်တယ် (မှန်ပါ့) ချစ်ခြင်းကြောင့် ဣဿဖြစ်တယ်၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါလူကြီးစကားလားဗျာ၊ ဒကာ ဒကာမတို့၊ ဒါလူကြီး အပါယ်သွားနေတာလား (လူကြီးအပါယ်သွားနေတာ) ဒါလူကြီး အပါယ်သွားနေတာကို၊ ပျော့ချေးမလုပ်ပါနဲ့၊ ပျော့ချေးမလုပ်ပါနဲ့ (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ချစ်တဲ့စိတ်ကလေးလဲ လောဘစိတ်ပဲ

www.dhammadownload.com



မြန်မြန် ဖြစ်ပျက်ရှု (မှန်လှပါဘုရား) မရှုမိရင် ဣဿလာတော့မယ် (မှန်လှပါ) အဲဒါက သတိပဋ္ဌာန်ပါဠိတော်ထဲမှာလဲ ပါပြီးသားဖြစ်နေတယ်၊ သိကြားမင်းမေးတဲ့အထဲမှာလဲ ဖြေထားလို့ ရှင်းလင်းပြီးသားဖြစ်သောကြောင့် ချစ်ခြင်းကြောင့် ဣဿဖြစ်တယ်၊ သဘောကျပလား (ကျပါပြီဘုရား)။

ဒကာ ဒကာမတို့ကလဲ ဘုရားရှေ့သွားပြီး ဆုတောင်းလိုက်ကြတာ၊ အပါယ်လေးပါးမလှမ်းမီရေး (မှန်ပါ့) အင်းသွားမယ့်တရားတွေကလဲ ဝမ်းထဲအပြည့်အစုံနဲ့ ကောင်းနိုင်သေးရဲ့လား (မကောင်းနိုင်ပါဘုရား) အဲဒါကြောင့် လူတစ်သိန်းသေလို့ နတ်ရွာသုဂတိ၊ တစ်ယောက်မရောက်ဘူးကွ၊ ညီတော် အာနန္ဒာရလို့၊ ဘုရားက သစ္စာသံယုတ်မှာဟောတယ် (မှန်လှပါဘုရား) ဟောတယ်နော် (ဟောပါတယ်) ပေါ်ပလား (ပေါ်ပါပြီ)။

ဒီဣဿနဲ့ ဒီမစ္ဆရိယ ရထားတော့ ဒကာ ဒကာမတို့ ရေလဲနဲ့သုံးနေကြတယ် (မှန်လှပါ) ဒကာကြွယ် ဘာနဲ့သုံးရလဲ (ရေလဲနဲ့သုံးရပါတယ်ဘုရား) ဣဿ လာပြန်တော့ ဣဿရေလဲနဲ့ သုံးရပြန်ပြီ၊ မစ္ဆရိယလာပြန်တော့၊ မစ္ဆရိယ၊ ရေလဲနဲ့ သုံးနေရ၊ ဒီလိုမှမလုပ်လို့ရှိရင်လဲ ကုန်သည်အဖြစ်မှာစိုးရတယ်၊ (မှန်လှပါ) ဘယ်နှယ်ဖြစ်နေလဲ၊ (ကုန်သည်အဖြစ်မှာစိုးရတယ်)။

ဒါဖြင့် မအပဲနဲ့၊ အပါယ်သွားကြပါ၊ ရှုပ်မနေပါနဲ့တော့ (မှန်လှပါဘုရား) ဒီအခိပ္ပာယ်ဟာ သေချာမနေဘူးလား (သေချာ

www.dhammadownload.com



နေပါတယ်) အင်မတန်ဆိုးဝါးလွန်းလို့ ဟောပါတယ်ဆိုတာ သတိပေးပါတယ် (မှန်လှပါဘုရား)။

ဒါဖြင့် ကြွသလာလို့ရှိရင် ဘယ်ကလာသတုံး (ချစ်ခြင်း မုန်းခြင်းကလာ ပါတယ်ဘုရား) ကဲဒကာသစ်ရေ ကြွဆိုတာ ချစ်ခြင်းကြောင့်လာတယ်၊ မစ္ဆရိယက မုန်းခြင်းကြောင့်လာတယ်၊ (မှန်လှပါဘုရား) ဒကာဒကာမတို့ စဉ်းစားကြပါတဲ့၊ မုန်းတဲ့ပုဂ္ဂိုလ်ကြောင့် မစ္ဆရိယလာတယ် ခင်တဲ့ပုဂ္ဂိုလ်ကြောင့် (ကြွသလာပါတယ်)

ဒါဖြင့် ဒကာကြွယ်ရေ ခင်တဲ့လောဘစိတ်လာတိုင်းလာတိုင်း ဖြစ်ပျက်ရှုရင် ကြွသသေပါတယ်၊ မုန်းတဲ့ဒေါသစိတ်လာတိုင်း လာတိုင်း ဖြစ်ပျက်ရှုရင် (မစ္ဆရိယသေပါတယ်ဘုရား) မစ္ဆရိယ သေပါတယ်ဆိုတော့ ပဋိစ္စသမုပ္ပာဒ်နည်းနဲ့ ရှင်းပြပါမယ် (မှန်ပါ့)။

လောဘစိတ်လာတိုင်းလာတိုင်းရှုရင်၊ ပဋိစ္စသမုပ္ပာဒ် အလယ်ကပြတ်တယ် (မှန်ပါ့) တဏှာချုပ်တော့ ဥပါဒါန်ကော (ချုပ်ပါတယ်) ကံကော (ချုပ်ပါ တယ်) ဇာတိ၊ ဇရာ၊ မရဏကော (ချုပ်ပါတယ်ဘုရား) ဟော ပဋိစ္စသမုပ္ပာဒ်၊ အဝိဇ္ဇာက ပြတ်သလား၊ အလယ်တဏှာကနေပြတ်သလား (တဏှာကနေ ပြတ်ပါတယ်)၊ အဲလောဘရှုရင် ပဋိစ္စသမုပ္ပာဒ် အလယ်ကပြတ်တယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့)။

ကိုင်း မုန်းခြင်းကြောင့် မစ္ဆရိယလာတယ်ဆိုတော့ မုန်းတာက ဒေါသ၊ မနေဘူးလား (နေပါတယ်ဘုရား) အဲဒီ ဒေါသ ဖြစ်ပျက်ရှု

www.dhammadownload.com


လိုက်လို့ရှိရင်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ မချုပ်ပေဘူးလား (ချုပ်ပါတယ်ဘုရား)၊ ပဋိစ္စသမုပ္ပာဒ်အဆုံးက ပြတ်တယ်၊ (ပြတ်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပာဒ်အဆုံးက ပြတ်ရင် အဝိဇ္ဇာ ပစ္စယာသင်္ခါရာစနိုင်သေးရဲ့လား (မစနိုင်ပါဘုရား)။

အဲဒါတွေ သေသေချာချာ သိပြီးသကာလထားတော့မှ ပဋိစ္စသမုပ္ပာဒ် ပြတ်တာသည် နိဗ္ဗာန်ရောက်တာလို့ မှတ်လိုက် (မှန်ပါ့ဘုရား) ပဋိစ္စသမုပ္ပာဒ် ဖြတ်တာသည် (နိဗ္ဗာန်ရောက်တာ ပါဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက သရာဂ စိတ္တံ၊ သရာဂစိတ္တန္တိ ပဇာနာတိ၊ လုပ်ဖြစ်အောင် လုပ်ဟော့နော်၊ မလုပ်ရင် ဣသာလာလိမ့်မယ် (မှန်ပါ့) မလုပ်ရင် ဘာလာမလဲ (ဣသာလာလိမ့်မယ်) ဘယ်လောက်ကြောက်စရာ ကောင်းသလဲ (ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒကာကွယ်ရေ ဘုရားက သိကြားကို ဒီတရားတွေ အရှုခိုင်းပြီးသကာလ၊ ဒီတရားပွဲထဲမှာပဲ၊ သိကြားသောတာပန် တည်ပါလိမ့်မယ်၊ (မှန်ပါ့) ဒီတရားပွဲထဲမှာပဲ၊ သောတာပန်သိကြား သေပြီး၊ သိကြားပြန်ဖြစ်မယ်၊ ဒီတရားပွဲထဲမှာ သိကြားနဲ့ ဘုရားပဲ သိတယ် (မှန်ပါ့ဘုရား)။

ဒီအထဲ သေသွားတာလဲ ဘုရားပဲသိတယ်၊ သေပြီးသိကြား ပြန်ဖြစ်တာလဲ ဘုရားပဲသိတယ် (မှန်ပါ့) ဘုရားနဲ့ သိကြားနှစ်ယောက်

www.dhammadownload.com



ထဲသိတယ် (မှန်ပါ) ဒါကြောင့် ဒီတရားကို အင်မတန်အဘိုးတန်တဲ့ ဝိပဿနာဉာဏ်ကိုလည်း ဆရာဘုန်းကြီးက ဝိပဿနာလွတ်တဲ့ ဉာဏ်မရှိအောင်လို့ အခုထည့်ပေးတယ်၊ (မှန်လှပါဘုရား)။

ပင်ရင်းအကြောင်းအကျိုးဆက်တာကတော့ဖြင့် သုတ်မဟာပါဠိတော်မှာ လာတာအမှန်ပါပဲ ဝိပဿနာဉာဏ် ဆက်ပေးတာကတော့ ဆရာဘုန်းကြီးက ဝိပဿနာလွတ်တဲ့တရား မရှိဘူး၊ ဝိပဿနာရှုမှ ကိလေသာသေမယ်ဆိုတာလဲခင်ဗျား တို့အထင်အရှားပါပဲ။

ဒါဖြင့် ချစ်ခြင်းကို ရှုရင်ဘာသေမယ် (ကိလေသာသေပါတယ်ဘုရား) သဘောကျပလား (ကျပါပြီဘုရား) ဒါဖြင့် ချစ်တဲ့စိတ်ကလေး ပေါ်လာရင် (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ခင်တဲ့စိတ်ကလေး ပေါ်လာရင် (ဖြစ်ပျက်ရှုရပါတယ်ဘုရား)။ အဲဖြစ်ပျက်ရှုပါဆိုတဲ့ ဥစ္စာသဘောကျပလား (ကျပါပြီ)။

အဲဒီကဲ့သို့ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ကိလေသာ လောဘကလဲသေ၊ မစ္ဆရိယဒေါသလဲသေ၊ ဪ ဒီအလုပ်သည် ထွက်ရပ်လမ်းဖြစ်တဲ့အလုပ်ပဲဟ ပဋိစ္စသမုပ္ပါဒ်မပြတ်လား (ပြတ်ပါတယ်) ဪ တဏှာသေတော့ ဥပါဒါန်ကကော (သေပါတယ်ဘုရား) ဥပါဒါန်သေတော့ ကံကကော (သေပါတယ်ဘုရား) ကံသေတော့၊ နောက်ဘဝဆိုတဲ့၊ အနာဂတ်ဘဝဆိုတဲ့ ဇာတိ၊ ဇရာ၊ မရဏတွေ က လာသေးရဲ့လား (မလာပါဘုရား) သေချာပလား (သေချာပါပြီဘုရား)။

www.dhammadownload.com


ဒါဖြင့် ဒကာ ဒကာမတို့ ချစ်ခြင်းကြောင့် ဘဲလာ (ကျသလာပါတယ် ဘုရား) ကျသလာပါတယ် (မှန်ပါ့) မုန်းခြင်းကြောင့် မစွဲရိယလာပါတယ် (မှန်ပါ့)။

ဒီအကြောင်းအကျိုးတွေ ဘုရားသခင်က ဆက်ဆက် ဆက်ဆက်ပြီး သကာလ ဟောလိမ့်မယ်နော် (မှန်ပါ့) တစ်ရက်ထဲနဲ့ အကုန်ပေးပါဆိုလို့မရဘူး၊ နာရီကလဲစေ့နေပြီ (မှန်ပါ့) နက်ဖန်မှ ဆက်ဟောမယ်၊

ကဲ ယနေ့ဒီတွင် တော်ကြဦးစို့၊

သာဓု . . . သာဓု . . . သာဓု